ကျွန်ုပ်တို့သည် နိုင်ငံမဲ့လူမျိုး၊ တက်ကြွလုပ်ရှားသူများ၊ အဖွဲ့အစည်းများနှင့် မဟာမိတ်တစ်ဦးချင်းစီ၏ တစ်ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝိုင်းဖြစ်ပြီး နိုင်ငံမဲ့ဖြစ်မှု ပပျောက်ရေး၊ တန်းတူညီမျှသော နိုင်ငံသား အခွင့်အရေးရရှိရေးနှင့် နိုင်ငံမဲ့လူသားအားလုံး၏ လူ့အခွင့်အရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်စူးထားသော ကမ္ဘာလုံးဆိုင်ရာအသိုင်းအဝိုင်းဖြစ်သည်။

သန်းနှင့်ချီသောလူများသည် ၎င်းတို့၏နိုင်ငံသားအခွင့်အရေးကို ငြင်းပယ်ခံရပြီးနိုင်ငံမဲ့ဖြစ်မှုကို ကြုံကြုံခံကာ ကြုံကြုံခံနေကြရပြီး မရေမတွက်နိုင်သော အခြားသူများ၏ နိုင်ငံသားအခွင့်အရေးများကို ခြိမ်းခြောက်ခံ နေရသောကြောင့် ကျွန်ုပ်တို့အတူတကွ ဆောင်ရွက်လာကြသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မျှဝေခံစားနိုင်သော လူသားဆန်မှုနှင့် လူသားအားလုံး၏ တန်းတူညီမျှသော ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို အသိအမှတ်ပြုပြီး အခိုင်အမာ ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏လှုပ်ရှားမှု ခေါင်းဆောင်များအဖြစ် နိုင်ငံမဲ့ဖြစ်ခြင်းမှ တိုက်ရိုက်သက်ရောက်မှုရှိသူများအား ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် အသက်ရှင်နေထိုင်မှုအတွေ့အကြုံ၊ ကျွန်ုပ်တို့၏မစ်ရှင်အတွက် အရေးကြီးကြောင်း အသိအမှတ်ပြုပါသည်။

ကျွန်ုပ်တို့သည် တရားမျှတသော အုပ်ချုပ်ရေး၊ ပွင့်လင်းမြင်သာမှု၊ စုပေါင်းကိုယ်ကျိုးပြန်လှန်မှုနှင့် အပြန်အလှန်တာဝန်ခံမှုရှိရန် ကတိပြုပါသည်။ ကျွန်ုပ်တို့သည် ရဲရင့်စွာပါဝင်ပြီး တန်းတူညီပူးပေါင်း ဆောင်ရွက်မှုကို ရွေးချယ်ကာ စည်းလုံးညီညွတ်စွာဖြင့် အတူတကွရပ်တည်၍ ကြင်နာမှု၊ စိတ်ရှည်မှုနှင့် အပြန်အလှန်လေးစားမှုတို့ဖြင့် ဦးဆောင်လျက်ရှိသည်။

ကျွန်ုပ်တို့သည် လူတိုင်းလက်လှမ်းမီနိုင်သော နည်းလမ်းများဖြင့် ဆက်သွယ်ပြောဆိုရန် ကြိုးစားသည်။ နိုင်ငံမဲ့ဖြစ်ခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည့် ခွဲခြားဆက်ဆံမှုကင်းစင်သော ကမ္ဘာကြီးကို အကောင်အထည်ဖော်ရန် လူမှုအသွင်ကူးပြောင်းရေးအလားအလာကို ကျွန်ုပ်တို့ယုံကြည်ပါသည်။ ၎င်းသည် အာဏာရှိသူများကို ထည့်သွင်းတွက်ချက်ရန်နှင့် ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲကို ဆက်လက်လုပ်ဆောင် ရန် လိုအပ်ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။

နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတော်အဆင့်များတွင် နိုင်ငံမဲ့ပြည်သူများ၏ အသံများကို မြှင့်တင်ရန်နှင့် ချဲ့ထွင်ရန်၊ မူဝါဒချမှတ်သူများအပေါ် လွှမ်းမိုးရန်၊ အသိုင်းအဝိုင်းအား အသိပညာပေးခြင်းနှင့် ကမ္ဘာလုံး ဆိုင်ရာ အပြောင်းအလဲများကို လှုံ့ဆော်ပေးရန် ကျွန်ုပ်တို့ဆုံးဖြတ်ထားပါသည်။

ကျွန်ုပ်တို့သည် နိုင်ငံမဲ့လူသားများအား အခွင့်အာဏာပေးသည့် တက်ကြွမှုအသစ်ကို ဖန်တီးရန်၊ ကျွန်ုပ်တို့၏ လူသားချင်းစာနာမှုကို နက်ရှိုင်းစွာ နားလည်သဘောပေါက်လာအောင် လှုံ့ဆော်ပေးပြီး အားလုံးအတွက် နိုင်ငံသားအခွင့်အရေးများကို မြှင့်တင်ပေးသည့် လုပ်ဆောင်ချက်ကို ဖန်တီးရန် ရှည်ရွယ်ပါသည်။

ကျွန်ုပ်တို့သည် နိုင်ငံမဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ မဟာမိတ်များကြောင့် သက်ရောက်မှု ရှိသော လူများနှင့် အသိုင်းအဝိုင်းကြား ချိတ်ဆက်မှုကို ဖန်တီးပေးကာ စေ့စပ်ဆွေးနွေးခြင်း၊ ပုံပြင်ပြောခြင်း၊ သတင်းအချက်အလက်နှင့် အသိပညာမျှဝေခြင်းနှင့် ပူးပေါင်းလှုံ့ဆော်ခြင်း အစပျိုးခြင်းများအတွက် လုံခြုံပြီး ရဲရင့်သော နေရာတစ်ခုဖန်တီးပေးပါသည်။

နိုင်ငံမဲ့ဖြစ်ခြင်း၏ နက်နဲသောလမ်းဆုံလမ်းခွအကြောင်းတရားများနှင့် သက်ရောက်မှုများကို ကျွန်ုပ်တို့ အသိအမှတ်ပြုပြီး ကျွန်ုပ်တို့၏ အောင်မြင်မှုကို အခြားသောလူမှုရေးတရားမျှတမှု လှုပ်ရှားမှုများနှင့် ပင်ကိုယ် အားဖြင့် ဆက်စပ်နေကြောင်း အသိအမှတ်ပြုပါသည်။ အခြေခံလူသားစားများမှ နိုင်ငံတကာအဆင့်အထိ မတူကွဲပြားသော လူမှုရေးတရားမျှတမှုဆိုင်ရာ သရုပ်ဆောင်များကို ချိတ်ဆက်ရန်၊ မဟာမိတ်ပြုကာ ချိတ်ဆက်လုပ်ဆောင်ရန် ကျွန်ုပ်တို့ကတိပြုပါသည်။

နိုင်ငံသားဖြစ်ခွင့်အပါအဝင် လူသားအားလုံးအတွက် လူ့အခွင့်အရေးကိုလေးစားလိုက်နာသည့် ကမ္ဘာတစ်ဝှမ်း ကို ကျွန်ုပ်တို့မျှော်မှန်းထားပါသည်။

နိုင်ငံမဲ့ဖြစ်ရခြင်း၏ မူလဇစ်မြစ်ကို ကိုင်တွယ်ဖြေရှင်းပြီး ကမ္ဘာကြီးအတွက် ကျွန်ုပ်တို့၏အမြင်ကို အကောင် အထည်ဖော်ခြင်းသည် လူသားအားလုံးအတွက် အကျိုးရှိမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။